ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန







# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး

## လမ်းညွှန်

နေပြည်တော်၊ မြန်မာနိုင်ငံ
၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂)ရက်

# မာတိကာ


၁။ နိဒါန်း ၁

(က) လမ်းညွှန်လက်စွဲ (Guideline)၏ ရည်ရွယ်ချက် ၂

(ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက် ၃

(ဂ) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ အသုံးဝင်မှုနှင့် အကျိုးကျေးဇူးများ ၄

(ဃ) အစီအစဉ်ရေးဆွဲခြင်း၏ လွှမ်းခြုံ သက်ရောက်မှု ၇

(င) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ အကျိုးသက်ရောက်မှုအတိုင်းအတာ ၈

၂။ ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်းညွှန်သဘောတရား ၈

(က) ပိုင်ရှင်စိတ် (ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၊ စီမံကိန်းလုပ်ဆောင်မှုနှင့် လုပ်ငန်းအမျိုးအစားများ) ၉

(ခ) ရွာသူ/ရွာသားများပါဝင်ရေးဆွဲသော ဖွံ့ဖြိုးရေးအစီအစဉ် ၉

(ဂ) စီးပွားရေးနှင့်ဆိုင်သောအခြေခံမှု ၁၀

(ဃ) ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ် ၁၂

၃။ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်း (Methodology and Approach) ၁၃

(က) ပူးပေါင်းပါဝင်သည့်လုပ်ငန်းစဉ် ၁၃

(ခ) ဆောင်ရွက်မည့်နည်းလမ်း (Process Tools) ၁၅

(ဂ) ချဉ်းကပ်ဆောင်ရွက်ပုံ ၁၆

## ၁။ နိဒါန်း

### (က) လမ်းညွှန်လက်စွဲ (Guideline) ၏ရည်ရွယ်ချက်

နိုင်ငံတော်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းလုပ်ငန်းအတွက် လမ်းညွှန်လက်စွဲပြုစုရခြင်းသည်-

- မြန်မာနိုင်ငံအတွင်းကျေးရွာများ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရန် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် အစီအစဉ် အချိန်ဇယားများကိုရှင်းလင်းစွာဖော်ပြရန်၊
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကျေးရွာလူထုအားကူညီရန် တာဝန်ရှိသော ပြည်ထောင်စုအဆင့်အစိုးရ အဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အာဏာပိုင်များအတွက် ကိုးကားလက်စွဲတစ်ဆောင်အဖြစ်အသုံးပြုနိုင်ရန်၊
- မြို့နယ်အဆင့်၌ ဖွဲ့စည်းထားသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအဖွဲ့အား ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး စွမ်းရည်တိုးတက်ရန် အကူအညီပေးမည့် ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့များအား လမ်းညွှန်မှုပြုနိုင်ရန်စသည်တို့အတွက်ဖြစ်ပါသည်။

ဤလမ်းညွှန်ချက်လက်စွဲတွင် အသေးစိတ်ဖော်ပြထားသော နိုင်ငံတော်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းပုံစံ/ နည်းလမ်း (National Model) ဖော်ထုတ်ရာတွင် နိုင်ငံတော်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအတွင်း ၁၉၉၄ မှစတင်၍များသောအားဖြင့် ၂၀၀၈ နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်ပိုင်း ၎င်းတို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲဆောင်ရွက်ခြင်း အတွေ့အကြုံများကိုအခြေခံရေးဆွဲပါသည်။ ဤNational Model ရေးဆွဲရာတွင် အထူးသတိထားခဲ့သည်မှာ ပူးပေါင်းပါဝင်သောနည်းဖြင့် စီမံကိန်းရေးဆွဲရေးနည်းစနစ်များ၊ ၎င်း၌ အပါအဝင်ဖြစ်သည့် ကောက်ယူမည့်ကိန်းဂဏန်းသတင်းအချက်အလက်များ၊ ယင်းအချက်အလက်များအား စိစစ်ခြင်းနည်းလမ်းစသည်တို့ကို ဆောင်ရွက်ရာ၌ ခက်ခဲရှုပ်ထွေးမှုမရှိစေရန်ဖြစ်ပါသည်။ လက်တွေ့ဆောင်ရွက်မည့်နည်းလမ်းများသည်

ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်အဖွဲ့အစည်းများ၏ လက်ရှိစွမ်းဆောင်ရည်နှင့် ကိုက်ညီဆောင်ရွက်နိုင်ရန် အလေးထားရေးဆွဲထားပါသည်။ အထူးသဖြင့် PRA Tools အနည်းဆုံးဖြင့် ထိရောက်အောင်ဆောင်ရွက်ရန်နှင့် မြို့နယ်အဆင့်တွင် ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲမည့်အဖွဲ့များဖွဲ့စည်းဆောင်ရွက်ပုံကို အထူးဂရုပြုအလေးထားရေးဆွဲထားပါသည်။ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရန် ကျေးရွာနှင့် မြို့နယ်အဆင့်တွင် အကောင်အထည်ဖော်မည့်စနစ်များကို အထူးအလေးထားဖော်ပြထားပါသည်။ ကျေးရွာနှင့် မြို့နယ်အဆင့် အဖွဲ့အစည်းများတွင် စွမ်းရည်မြင့်မားလာသည်နှင့်အမျှ ကိန်းဂဏန်းနှင့်သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ၊ စီစစ်သုံးသပ်မှုဆိုင်ရာ နည်းစနစ်များကို ပိုမိုတိုးမြှင့်အသုံးချသွားပါမည်။

## (ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

ကျေးရွာလူထုကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရခြင်းသည် ၎င်းတို့၏ကျေးရွာဖွံ့ဖြိုးရေးနှင့် ရွာသူ/ သားများ၏လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေး၊ ကျေးရွာသူ/သားများ၏စွမ်းရည်တိုးတက်ရေး၊ ဆင်းရဲမှုနှင့် ထိခိုက်သက်ရောက်လွယ်မှု လျော့ချရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတိုးတက်ရေးစသည်တို့ အလေးထားဦးတည်သည့် ရည်မှန်းချက်ပန်းတိုင်များချမှတ်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ကျေးရွာအဆင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အိမ်ထောင်စုအဆင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် စီမံကိန်းရေးဆွဲခြင်းစွမ်းရည်၊ အကောင်အထည်ဖော်ခြင်းစွမ်းရည်၊ ကျေးရွာလူထု၏စွမ်းရည်များဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်နည်းပညာငွေကြေး အကူအညီများပေးရန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်သည်။

အခြားသောနိုင်ငံတော်အဖွဲ့အစည်းများဖြစ်သည့် အစိုးရမဟုတ်သောအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများသည်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပါဝင်သက်ဆိုင်သူများဖြစ်ပါသည်။

သက်ဆိုင်သူများအနေဖြင့် သတိပြုရန်မှာ ကျေးရွာလူထု၏စီမံကိန်းရေးဆွဲရေးစွမ်းရည်တိုးတက်ရန်၊ ကျေးရွာအဖွဲ့အစည်းများခိုင်မာတောင့်တင်းရေးနှင့် စီမံအုပ်ချုပ်မှုကောင်းမွန်ရေး၊ အရင်းအနှီးသယံဇာတများ စုစည်းပြင်ဆင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး စသည်တို့ဆိုင်ရာစွမ်းရည်များမြှင့်တင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်သည်အခွင့်အလမ်းတစ်ခုဖြစ်သည်ဟု မှတ်ယူရန် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် စနစ်တကျစုစည်းဖော်ပြထားသည့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှတ်တမ်း တစ်ခုပြုစုဖော်ထုတ်ပေးနိုင်ရန်ဖြစ်သည်။ ၎င်းမှတ်တမ်းတွင် ရွာသူ/သားများ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊ လက်ရှိလူမှုစီးပွားဖွံ့ဖြိုးမှု အခြေအနေ၊ ဖွံ့ဖြိုးရေးအခွင့်အလမ်းများ၊ အဟန့်အတားများ၊ ဖွံ့ဖြိုးရေးဗျူဟာများ၊ အကောင်အထည်ဖော်မည့်စီမံကိန်းများ၊ ဘတ်ဂျက်နှင့် ရန်ပုံငွေရှာဖွေ/ ထည့်ဝင်ရေးဗျူဟာများပါဝင်ပါမည်။

## (ဂ) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏အသုံးဝင်မှုနှင့် အကျိုးကျေးဇူးများ

- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် လူထု၏ပူးပေါင်းပါဝင်မှုကို တိုးတက်စေပါသည်။ လူထု အတွင်းစည်းလုံး ချစ်ကြည်မှုတိုးပွားစေပါသည်။ ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်တကျ ဆောင်ရွက် နိုင်စေပါသည်။
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် ဒေသခံရွာသူ/သားများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူမှုရေးအဖွဲ့ အစည်းများစသည်တို့အချင်းချင်း အတွေးအမြင်များဖလှယ်နိုင်ရန် အခြေအနေကိုဖန်တီးပေးခြင်းနှင့်အားလုံးအတွက် အရေးကြီး သောကိစ္စများကို အတူတကွလုပ်ဆောင်နိုင်သော အခြေအနေကို ဖန်တီးပေးသည်။
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် ကျေးရွာလူထုအတွင်း၎င်းတို့အပေါ်သက်ရောက် ဟန့်တားနေသည့် ပြဿနာများအပေါ်အလေးထားဂရုစိုက်မှုဖြစ်စေသည်။

- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် သတင်းအချက်အလက်စုဆောင်းခြင်း၊ ကျေးရွာ၏ဖွံ့ဖြိုးရေးအခြေအနေများအားသုံးသပ်ခြင်း စသည်တို့အားတိုးတက်စေသည်။ ထို့အပြင်လူထုအတွင်း သတင်းအချက်အလက်မျှဝေခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်းတို့ကို ပိုမိုတိုးတက်စေပါသည်။
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် ကျေးရွာ၏ဖွံ့ဖြိုးရေးအခွင့်အလမ်းများ၊ အားသာချက်များဖော်ထုတ်ရာတွင် လည်းကောင်း၊ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်ကိစ္စများကို ဆန်းစစ်ရာတွင်လည်းကောင်း၊ အတားအဆီးများကျော်လွှားရန် ဗျူဟာရေးဆွဲရာတွင်လည်းကောင်း၊ လက်တွေ့ဆောင်ရွက်ရမည့် ဦးစားပေးစီမံကိန်းများ ဆုံးဖြတ်သတ်မှတ်ရာတွင်လည်းကောင်း၊ ၎င်းဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်ရန် စီစဉ်ရာတွင်လည်းကောင်း၊ လိုအပ်သောသယံဇာတအရင်းအမြစ်များ စုစည်းပြင်ဆင်ရာတွင်လည်းကောင်း လွယ်ကူအဆင်ပြေစေပါသည်။
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းတို့ မိတ်ဖက် ဆောင်ရွက်ရန်အခြေအနေကို တည်ဆောက်ပေးပါသည်။
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် ကျေးရွာလူထု၏စီမံကိန်းအကောင်အထည်ဖော်မှုများအား ကြီးကြပ်စစ်ဆေးမှုစွမ်းရည် စသည်များတိုးတက်စေပါသည်။ ထို့အပြင်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးအောင်ဆောင်ရွက်မည်ဟုတာဝန်ယူစိတ်အပြည့်ဖြင့် ဆောင်ရွက်မှု ဖြစ်စေပါသည်။
- ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် သက်ဆိုင်သူများထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ပြီးမြောက်အောင်ဆောင်ရွက်ရန် အချင်းချင်းအသိပေးပါသည်။
- ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် ပြည်ထောင်စုအစိုးရ၊ ဒေသအစိုးရ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်စီးပွားရေးအဖွဲ့အစည်းများအား ၎င်းတို့၏မူဝါဒနှင့်ငွေကြေးဆိုင်ရာဆုံးဖြတ်ချက်များချမှတ်နိုင်ရန် အကူအညီ ပေးပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ အသုံးတည့်မှုနှင့် အရေးပါမှုတို့မှာအောက်ပါအတိုင်းဖြစ်ပါသည်-

| အသုံးပြုသူ | အသုံးဝင်မှု |
|---|---|
| ကျေးလက်လူထု<br>• အိမ်ထောင်စု<br>• ကျေးရွာအဖွဲ့အစည်း<br>• ကော်မတီ | ၎င်းတို့၏ လူမှုစီးပွားဆိုင်ရာတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ဖွံ့ဖြိုးရေးမူဘောင်အဖြစ်အသုံးပြုနိုင်ပါမည်။ |
| အစိုးရအဖွဲ့အစည်း<br>• ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး<br>• ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ<br>• မြို့နယ်အုပ်ချုပ်ရေးအဖွဲ့<br>• မြို့နယ်အဆင့် ဌာနဆိုင်ရာများ<br>• ခရိုင်အဆင့် အစိုးရရုံးများ<br>• ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ | ကျေးလက်လူထုအတွက်အောက်ပါကိစ္စများဆောင်ရွက်ရာတွင်အသုံးပြုမည့် မူဘောင်အဖြစ်အသုံးဝင်မည်။<br>❖ ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စသတ်မှတ်ခြင်း<br>❖ နည်းပညာစီမံခန့်ခွဲမှု၊ငွေကြေး၊ ဝန်ဆောင်မှုစသည့်အကူအညီများစီမံခန့်ခွဲခြင်း |

| အသုံးပြုသူ | အသုံးဝင်မှု |
|---|---|
| • ပြည်ထောင်စုအစိုးရအဆင့် | |
| ပြည်တွင်းအဖွဲ့အစည်းများ<br>• ပုဂ္ဂလိကကဏ္ဍ<br>• NGOs, CSOs, နှင့် ပရဟိတ အဖွဲ့အစည်းများ<br>• ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုအဖွဲ့များ<br>• တက္ကသိုလ်များ၊ကောလိပ်များ<br>• သတင်းမီဒီယာများ<br>• UN အဖွဲ့အစည်းများ<br>• နိုင်ငံတကာငွေကြေးအဖွဲ့ အစည်းများ<br>• အလှူရှင်များ<br>• နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့များ<br>• နိုင်ငံတကာပရဟိတအဖွဲ့များ | ❖ ပုဂ္ဂလိကအဖွဲ့များမှ ကျေးလက်လူထု၏ လိုအပ်ချက်များအား ဖြည့်ဆည်း နိုင်မည့် လုပ်ငန်းများစီစဉ်နိုင်ခြင်း<br>❖ ကျေးလက်လူထုအတွက်ဆောင်ရွက်ရမည့်ငွေကြေး၊ဝန်ဆောင်မှုလိုအပ်ချက်ကိုသိရှိခြင်း<br>❖ ကျေးလက်လိုအပ်ချက်များအား ဖြည့်ဆည်းနိုင်မည့် သုတေသနလုပ်ငန်းများ၊ နည်းပညာတိုးတက်၍အစီအစဉ်များဆောင်ရွက်နိုင်ခြင်း<br>❖ သတင်းထုတ်ပြန်ရေးအစီအစဉ်များဆောင်ရွက်နိုင်ခြင်း<br>❖ ကျေးလက်လူထု၏အမှန်တကယ်လိုအပ်ချက်များအားဖြည့်ဆည်းပေးနိုင်ခြင်း<br>❖ အမှန်တကယ်လိုအပ်သည့်လုပ်ငန်းများအတွက်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှရန်ပုံငွေများထောက်ပံ့ပေးနိုင်ခြင်း<br>❖ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်မြို့နယ်အဆင့်များတွင် ပေါင်းစပ်ညှိနှိုင်းမှုများ ထိရောက်စွာဆောင်ရွက်နိုင်ခြင်း |

## (ဃ) အစီအစဉ်ရေးဆွဲခြင်း၏ လွှမ်းခြုံသက်ရောက်မှု

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးခြင်းလုပ်ငန်းသည် ကျေးလက်မိသားစုအဆင့် စားဝတ်နေမှုဘဝမြင့်မားရေးနှင့် ကျေးရွာအဆင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ရေပိုက်လိုင်းတပ်ဆင်ခြင်း၊ ကျေးရွာလမ်းခင်းပေးခြင်း၊ ကျောင်းသန့်ရှင်းရေး ပြုလုပ်ခြင်းစသည့် လုပ်ငန်းတစ်ခု (သို့) စီမံချက်တစ်ခုတည်းကိုသာ ပြင်ဆင်ဆောင်ရွက်ခြင်းမျိုးမဟုတ်ပါ။

ကျေးရွာအဆင့်တွင် စီမံချက်များပေါင်းစုခြင်း (သို့) ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်တို့တွင် စီမံချက်များစုစည်းခြင်းစသည်တို့ ပြုလုပ်ရုံမျှကိုလည်း ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည်ဟုမခေါ်နိုင်ပါ။ ထို့အပြင် ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် ဖြစ်နိုင်ဖွယ်ရာ အားသာချက်များနှင့် ကျေးရွာ၏အခက်အခဲ၊ အဟန့်အတားများကို သုံးသပ်မှုမရှိဘဲဖြစ်ချင်သည်များကိုသာ စုစည်းထားလျှင်လည်း ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် ဈေးဝယ်စာရင်း "Shopping List " များ စုစည်းထားသည်နှင့် တူနေပေမည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းတွင် ကျေးရွာမိသားစုများနှင့် လူထုတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး အတွက် မိသားစုများနှင့် လူထု၏ဆန္ဒများဖြည့်ဆည်းပေးနိုင်ရမည့် သဘောတရားရှိပါသည်။ ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် လုထုဗဟိုပြုချဉ်းကပ်နည်း (People-centre Approached) ဖြစ်ပြီးကျေးလက်လူထုစွမ်းရည် (Human Capacity) တိုးတက် ရန်အဓိကထား၍ရေးဆွဲပါသည်။ ကျေးလက်လူထု၏ စွမ်းရည်တိုးတက်ရေးအတွက် သေချာစွာအထောက်အကူပြုမည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများကိုစုစည်းပြီး ဦးစားပေးဆောင်ရွက်သော အစီအစဉ်မျိုး ဖြစ်ပါသည်။

လူမှုဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရာတွင် အရင်းအနှီးခက်ခဲမှု၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကန့်သတ်ချက်စသည်များကြုံတွေ့ရပါသည်။ ၎င်းအခြေအနေတွင်ပင်လူမှုဖွံ့ဖြိုးရေးလိုအပ်ချက်များကို ကောင်းမွန်ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည့် နည်းဗျူဟာများ စီမံကိန်းများ ပြင်ဆင်ရေးဆွဲခြင်းများကိုသာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသည်ဟု ခေါ်ဆိုနိုင်ပါမည်။

## (င) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ အကျိုးသက်ရောက်မှုအတိုင်းအတာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းသည် ကျေးရွာအောက်ခြေလူတန်းစားများအား ၎င်းတို့၏ဖွံ့ဖြိုးရေးမျှော်မှန်းချက်များနှင့် ဦးစားပေးအစီအစဉ်များရေးဆွဲရာတွင် ပါဝင်ခွင့်ရရှိစေသည်။ အစီအစဉ်ရေးဆွဲရာတွင် အဖွဲ့အစည်းများ စနစ်တကျ ပြင်ဆင်ဆောင်ရွက်ခြင်း၊ ယင်းသို့ပူးပေါင်းပါဝင်မှုရရှိစေမည့် နည်းစနစ်များအသုံးပြုခြင်းဖြင့် လူထု၏ထိရောက်သော ပါဝင်ဆွေးနွေးမှု များရရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ဆွေးနွေးမှုများရရှိလာသော လူထု၏ဦးစားပေးလိုအပ်ချက်များကိုသိရှိခြင်းအားဖြင့် ပြည်နယ်/ တိုင်းအဆင့်နှင့် အမျိုးသားအဆင့်တို့တွင် ဦးစားပေးဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲနိုင်မည်ဖြစ်သည်။ အောက်ခြေမှအစပြု စီမံကိန်းရေးဆွဲခြင်းဖြင့် ၎င်းတို့၏လိုအပ်ချက်များ အားဖြည့်ဆည်းနိုင်ရန် ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းများရေးဆွဲနိုင်မည် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား နိုင်ငံတော်အဆင့်မူဝါဒနှင့် စီမံကိန်းများက အားဖြည့်ကူညီနိုင်ရန်လိုအပ်ပါသည်။ ကျေးလက်လူထု၏ ရေရှည်တည်ငြိမ်သောအသက်မွေးမှုနှင့်ဖူလုံမှုတို့အတွက် ကျေးရွာအဆင့်ဖွံ့ဖြိုးရေး အစီအစဉ်အား နိုင်ငံတော်အဆင့် စီးပွားရေးအခြေအနေနှင့် မူဝါဒများကအထောက်အကူပြုရန် လိုအပ်ပါသည်။ တည်ငြိမ်သောအသက်မွေးမှု ဘဝရရှိရန် ကျေးရွာသူ/သားများ၏ အားထုတ်မှုများသည် မြို့နယ်အဆင့်ဝန်ဆောင်မှုပေးသော အဖွဲ့များ၏ လက်လှမ်းမှီမှုပေါ်တွင်မူတည်ပါသည်။ ဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုများဖြစ်ပါသည်။ မြို့နယ်အဆင့်အဖွဲ့အစည်း များသည်လည်း နိုင်ငံတော်အဆင့်မူဝါဒများ၊ နိုင်ငံတော်အဆင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အကူအညီများလိုအပ်ပါသည်။

## ၂။ ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်းညွှန်သဘောတရား

ဤကျေးရွာဖွံ့ဖြိုးရေးလမ်းညွှန်ချက် သဘောတရားများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလွှာအသီးသီးတွင် လုပ်ဆောင်ရာ၌ မူဝါဒလမ်းညွှန်အဖြစ် ထုတ်ပြန်ထားသည့် ပြဋ္ဌာန်းချက်များဖြစ်ပါသည်။ အောက်တွင်ဖော်ပြထားသည့်

လမ်းညွှန်ချက်များသည် မြန်မာနိုင်ငံအတွင်းကျေးရွာအဆင့်တွင်လုပ်ဆောင်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အုပ်ချုပ်မှုစနစ်၊ စီမံခန့်ခွဲရေးတို့နှင့် သက်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာရှိအားလုံးသော ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများသည် အောက်ဖော်ပြပါလမ်းညွှန်ချက်အတိုင်းလိုက်နာရပါမည်။ ဤလမ်းညွှန်ချက်တွင်ပိုင်ရှင်စိတ်၊ အများပါဝင်၍ အစီအစဉ်ရေးဆွဲခြင်း၊ စီးပွားရေးသဘောတရားများနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်မှ ဖြစ်ထွန်းလာမှုများ ရေရှည်တည်တံ့ရေးစသည်တို့ပါဝင်ပါ သည်-

## (က) ပိုင်ရှင်စိတ် (ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၊ စီမံကိန်းလုပ်ဆောင်မှု နှင့် လုပ်ငန်းအမျိုးအစားများ)

- ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာတမ်းပိုင်ရှင်ဖြစ်သည်။ သို့ဖြစ်၍ စွမ်းရည်မြှင့်တင်သည့် မည်သည့်လုပ်ငန်းကိုမဆို ကျေးလက်လူထုအတွက် ဦးတည်ပါမည်။
- ထိုနည်းတူစွာ စီမံကိန်းဆောင်ရွက်မှုလုပ်ငန်းနှင့် အစီအစဉ်များကို ကျေးရွာသူ/သားများ ကိုယ်တိုင်စုစည်းခြင်း၊ ဦးဆောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ပြုလုပ်ရပါမည်။ နည်းပညာ၊ ငွေကြေးနှင့်ပစ္စည်းအကူအညီစသည်ဖြင့် ပြင်ပအကူအညီမှန်သမျှသည် ကျေးရွာလူထုနှင့် သက်ဆိုင်ရာအစုအဖွဲ့မှ တဆင့်သာဖြစ်ရပါမည်။
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ သေချာရေရာစေရေးနှင့် ရွာသူရွာသားများ တာဝန်ခံမှုရှိစေရန်အတွက် သူတို့ကိုယ်တိုင်ဦးဆောင်ခြင်း၊ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ မျှတသင့်တင့်သည့်နှုန်းထားခြင်း၊ ငွေကြေးလုပ်အားနှင့် ပစ္စည်းထည့်ဝင်ခြင်းတို့ ပြုလုပ်ရပါမည်။

## (ခ ) ရွာသူ/သားများ ပါဝင်ရေးဆွဲသော ဖွံ့ဖြိုးရေးအစီအစဉ်

- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် လူတန်းစားပေါင်းစုံ ဆင်းရဲချမ်းသာမရွေး ထိရောက်စွာပူးပေါင်းပါဝင် လုပ်ဆောင် ရန်အတွက် လုပ်နည်းလုပ်ဟန်များ၊ သင့်တော်သည့် လုပ်ငန်းစဉ်များကို ချမှတ်လုပ်ကိုင်ရပါမည်။

- စီမံကိန်းရေးဆွဲခြင်း၊ ဦးစားပေးလုပ်ငန်းများရေးဆွဲခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် တိုးတက်ဖြစ်ထွန်းမှုမှ ထွက်ပေါ်လာသော အကျိုးရလဒ်များစသည်တို့ကို သမမျှတစွာစဉ်းစားရပါမည်။ သမမျှတစွာ စဉ်းစားခြင်းတွင်
    - လူမှုရေး၊ စီးပွားရေး၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များ၊ လုပ်ဆောင်မှုများနှင့် ပတ်သက်သောအခွင့်အလမ်းများကို သာတူညီမျှရရှိစေရမည်။
    - လူမျိုး၊ ဘာသာ၊ ကျား/မ မရွေး မြန်မာလူမျိုးတိုင်း ဖွံ့ဖြိုးရေးအခွင့်အလမ်းများနှင့်ပံ့ပိုးမှုတို့ကို သာတူညီမျှ ရှိစေရမည်။
    - ကျား/မဆိုင်ရာ အမြင်သဘောထားများကို လူမှုရေး၊ စီးပွားရေးနှင့်ကောင်းမွန်သော စီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် ထည့်သွင်းရပါမည်။
    - ကိုယ်အင်္ဂါချို့တဲ့သူများ၊ စိတ်မကျန်းမာသူများအတွက် အထူးစဉ်းစားရပါမည်။
- မသန်စွမ်းသူများအနေနှင့် လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် အပြည့်အဝပါဝင်နိုင်ခွင့်မရရှိနိုင်ကြပါ။ ဤသို့သော အခြေအနေတွင် ကျင့်သုံးသည့်မူဝါဒနှင့်ပံ့ပိုးမှုအစီအစဉ်ကို ထိုသူများအတွက်ညီညွတ်မျှတစွာရရှိရန် ပြပြင် ပေးရပါမည်။
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် လုပ်ငန်းများသည်ရွာ၏စည်းလုံးညီညွတ်ခြင်းနှင့် တစ်သားတည်းဖြစ်ခြင်းကို တိုးတက်စေပါသည်။

### (ဂ) စီးပွားရေးနှင့်ဆိုင်သော အခြေခံမှု

- အမျိုးသားဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏စီးပွားရေးမူဝါဒတို့နှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဆောင်ရွက်မှုများသည် လူမျိုးစုံ၊ အလွှာစုံ ပြည်သူအားလုံးပါဝင်၍ ဈေးကွက်စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။
- ဈေးကွက်ပျက်သည့် အခြေအနေမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်အတူ ဈေးကွက်ပျက်ယွင်းရသည့် အကြောင်းတရားများကို ဖော်ထုတ်ရန် ဆန်းစစ်လေ့လာအကဲဖြတ်ခြင်းလုပ်ငန်းများကို ပြုလုပ်ရပါမည်။

- ကျေးလက်ရှိ အိမ်ထောင်စုတစ်ခုချင်းစီ၏ စီးပွားရေးအခြေအနေသည် ရွာလူထု၏ အသက်မွေးဝမ်းကြောင်းနှင့် သာယာဝပြောရေးကို ထင်ဟပ်ပုံဖော်ပေးပါသည်။
- ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ခြင်းအားဖြင့် ဆင်းရဲသူနှင့်မဆင်းရဲသူကြား အပြန်အလှန်ဆက်နွယ်မှုကို ပိုမိုကောင်းမွန်စေ၍ ရွာ၏လူထုစွမ်းအားကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲသားအိမ်ထောင်စုများအတွက်ရည်ရွယ်၍ စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာအပံ့အပိုးများကို ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းထားသော်လည်း ဆင်းရဲသူနှင့် မဆင်းရဲသူအကြား၊ မတူသည့်လူမှုရေးအလွှာအချင်းချင်းအကြား အပြန်အလှန် အမှီသဟဲ ပြုမှုဖြစ်စဉ်ကို မထိခိုက်စေပါ။
- စိုက်ပျိုးရေးနှင့် မွေးမြူရေးသွင်းအားစုပစ္စည်းများ၊ စိုက်ပျိုးထွက်ကုန်များ ရောင်းဝယ်ရေးတွင် ပုဂ္ဂလိကပါဝင်မှုကို အားပေးပါသည်။
- ရွာအဆင့် ဖွံ့ဖြိုးရေးအကူအညီများအတွက် ပုဂ္ဂလိကကဏ္ဍ၏စွမ်းဆောင်မှုကို အသုံးပြု၍ အားပေးပါမည်။ အထူးသဖြင့်
  - သင်တန်းအပါအဝင် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ယှဉ်ပြိုင်ပါဝင်လာမှုကို အသုံးပြုပါမည်။
  - ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျေးရွာ၏စီးပွားရေးကဏ္ဍတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာ အပါအဝင် ဝန်ဆောင်မှုများ၊ ထုတ်လုပ်မှုများပြုလုပ်ရာတွင် စမ်းသပ်အတည်ပြုပြီးဖြစ်သော စီးပွားရေးလုပ်နည်း၊ လုပ်ဟန်တို့ကို အသုံးပြုခြင်းနှင့် တီထွင်ဆန်းသစ်ခြင်းတို့ကို ပြုလုပ်ရန် အားပေးပါမည်။
  - ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှု စွမ်းရည်၊ ထုတ်လုပ်မှုတိုးရန်အတွက် နည်းပညာစွမ်းရည်စသည့် ဖွံ့ဖြိုးရေးအထောက်အကူများကို တိုးချဲ့ပံ့ပိုးပါမည်။
  - စိုက်ပျိုးရေးကဏ္ဍတွင် ပုဂ္ဂလိကနှင့် နိုင်ငံတော်အစိုးရမိတ်ဖက်ပြု ဆောင်ရွက်ခြင်းများကို မြှင့်တင်ရပါမည်။

## (ဃ) ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ်

- ကျေးရွာဖွံ့ဖြိုးရေးစီမံချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကျေးလက်လူထုသည် လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ရရှိလာမည့်အကျိုးရလဒ်နှင့် အကျိုးဆက်များအတွက် ရှင်းလင်းတိကျသည့် နည်းဗျူဟာများရှိရပါမည်။ လုပ်ငန်းများလုံးဝပြီးဆုံးသည်အထိကျေးရွာမှ ဆက်လက်ဆောင်ရွက် ရပါမည်။
- ဖွံ့ဖြိုးရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်ရာတွင်အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-
  - စီမံကိန်းလုပ်ငန်းများပြီးစီးအောင်မြင်ရန် လုံလောက်သော ငွေကြေးနှင့်သွင်းအားစု ပစ္စည်းအထောက်အပံ့များ၊
  - ကျေးရွာလူထု၏ စွမ်းရည်မြှင့်တင်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများ ဆက်စပ်အကောင်အထည်ဖော်ရာတွင် ကျေးရွာမှ တစ်စထက်တစ်စတာဝန်တိုးယူလာနိုင်စေရန် အစီအစဉ်များချမှတ်ခြင်းစသည့် စီမံကိန်းထွက်ခွာ ဗျူဟာကို ထိရောက်စွာ လုပ်ဆောင်ရပါမည်။

- လုပ်ငန်းရှေ့ဆက်သွားမည့်အစီအစဉ်တွင်
  - မြို့နယ်ဦးစီးဌာနများမှ ဆင်းရဲသားမိသားစုများအတွက် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းနှင့် ဝန်ဆောင်မှုများ ဆက်လက်ရရှိရန် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒနှင့်အစီအစဉ်များ
  - ကျေးရွာလူထု၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာစေပြီး အစိုးရအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ရရှိသော ဝန်ဆောင်မှုနှင့် အထောက်အပံ့များကိုဆက်လက်၍ ကာလကြာ ရှည်စွာရရှိရန်၊

- အကောင်အထည်ဖော်ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများရလဒ်နှင့် အကျိုးသက်ရောက်မှုများရေရှည်တည်တံ့ခိုင်မြဲရန်ဥပမာ–

- ကျေးရွာအတွင်း အခြေခံအဆောက်အဦး၊ လမ်း၊ တံတား၊ ဆိပ်ခံတံတားနှင့် ရေကန်များ ရေရှည်တည်တံ့ရန်အတွက် စုစည်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ရွာမှငွေကြေးထည့်ဝင်ခြင်းစသည့် ပြုပြင်ထိန်းသိမ်းမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းများ၊
- ကျေးရွာစပါးဘဏ်၊ ငွေစုငွေချေးအသင်းအဖွဲ့၊ ကျေးရွာဈေး၊ ကျေးရွာဆေးဆိုင်နှင့် အခြားစီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အဦး၊ ပစ္စည်းအသုံးအဆောင်များ ထိထိရောက်ရောက်လည်ပတ်လုပ်ဆောင်ရန်နှင့် ကြာရှည်တည်မြဲအောင် ပြုပြင်ထိန်းသိမ်းရာတွင် စုစည်းဆောင်ရွက်ခြင်းနှင့် အစီအစဉ်များချမှတ်ခြင်း၊

- သဘာဝအရင်းအမြစ်များ ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ အသုံးပြုရာတွင် မှန်မှန်ကန်ကန်အကျိုးရှိရှိ အသုံးပြုခြင်းနှင့် ဆိုင်သော စီမံခန့်ခွဲမှု၊

## ၃။ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်း (Methodology and Approach)

### (က) ပူးပေါင်းပါဝင်သည့်လုပ်ငန်းစဉ် ( Participatory Process)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်သည် အများပူးပေါင်းပါဝင်ရေးဆွဲသည့်လုပ်ငန်းစဉ်ဖြစ်ရမည်။ ဆင်းရဲချမ်းသာမရွေး၊ လူမျိုးမရွေး၊ ကျားမမရွေး အားလုံးပါဝင်လာစေရန် အားပေးရပါမည်။ ကျေးရွာ၏အခြေအနေကိုသုံးသပ်ရာတွင် အများပါဝင်ခွင့်ရရှိအောင်ဖန်တီးပေးရပါမည်။ အများပါဝင်၍သုံးသပ်ကြမည့်ကိစ္စများမှာ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ၊ အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားရမည့်ကိစ္စများ၊ ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက်အခြေအနေကောင်းများ၊ ဖြစ်နိုင်ခြေရှိမည့် ဖွံ့ဖြိုးရေးဗျူဟာများ၊ လက်တွေ့အကောင်အထည်ဖော်မည့်စီမံကိန်းစီမံချက်များ၊ ဘတ်ဂျက်လိုအပ်ချက်နှင့် ရှာဖွေရေးဗျူဟာများစသည်တို့ပါဝင်သည်။ လုပ်ငန်းဆောင်ရွက်ပုံ အစီအစဉ်အသေးစိတ်ကို ဤလမ်းညွှန်ချက်၏ အခန်း(၄)တွင် ဖော်ပြထား ပါသည်။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့်စီမံခန့်ခွဲခြင်းတို့တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရခြင်း၏ အရေးကြီးသော ရည်ရွယ်ချက်မှာဆင်းရဲမှုပပျောက်ရေးပင်ဖြစ်သည်။ ဆင်းရဲမှုတိုက်ဖျက်ရာတွင် အဆင်းရဲဆုံးကို ဦးတည်ရန်နှင့်ထိခိုက်လွယ်မှုများပပျောက်ရေးတို့ကို ဦးတည်ရန်လိုအပ်မည်ဖြစ်သည်။ ကျေးရွာအတွင်းတွင် စီးပွားရေးလုပ်ငန်းအမျိုး အစားအလိုက်အဖွဲ့များ၊ စီးပွားခနအဆင့်အလိုက် အိမ်ထောင်စုများစသည်တို့ကို ကျေးရွာသူ/သားများ ကိုယ်တိုင်စနစ်တကျ ခွဲခြားသတ်မှတ်ရပါမည်။ သို့မှသာ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဖွံ့ဖြိုးရေးအထောက်အပံ့များကို စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ပါမည်။ ကျေးရွာသူ/သားများ၏ အမှန်တကယ်လိုအပ်ချက်ကို ဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် ဦးတည်အုပ်စု ဆွေးနွေးခြင်းများကို ဆောင်ရွက်ရန်လိုပါသည်။ ၎င်းအုပ်စုဆွေးနွေးခြင်းလုပ်ငန်းကို အမျိုးမျိုးသော လူမှုရေး၊ စီးပွားရေးစသည့်အဖွဲ့များ နှင့်ဆွေးနွေးရန်လိုပါသည်။ ယောကျ်ားလေးအဖွဲ့၊ မိန်းကလေးအဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့စသည့် အဖွဲ့များ၏ပူးပေါင်းပါဝင်မှုသည် ယင်းအဖွဲ့အသီးသီး၏ဆန္ဒနှင့် ဦးစားပေးလိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ရာတွင် သေချာမှုရှိစေပါသည်။ ၎င်းလိုအပ်ချက်များကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းစုစည်းမည်ဖြစ်ပါသည်။ အဆိုပါ စီးပွားရေးအဖွဲ့၊ လူမှုရေးအဖွဲ့အားလုံး၏ ကိုယ်စားလှယ်များသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်တို့၌ ကိုယ်စားလှယ်အဖြစ် ပါဝင်ကြမည်ဖြစ်သည်။ ဥပမာ–ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် ကိုယ်စားလှယ်များအဖြစ် ပါဝင်ခြင်း၊ အများပူးပေါင်းပါဝင်၍ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကျေးရွာလူထုနှင့်အတူအစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများကတက်ကြွစွာပူးပေါင်းပါဝင်ခြင်းသည် ကျေးရွာလူထုနှင့်၎င်းအဖွဲ့အစည်းများကြား ခိုင်မာသောမိတ်ဖက်မှုကိုဖြစ်စေ၍ ၎င်းသက်ဆိုင်သူ အသီးသီး၏ဝန်ဆောင်မှုများ၊ အရင်းအနှီးများကို အထိရောက်ဆုံးအသုံးပြုနိုင်ရန် သေချာစေပါသည်။ နိုင်ငံတော်အစိုးရ၏ လက်ရှိအဖွဲ့အစည်းအသီးသီး၏ပါဝင်မှုသည် စီမံကိန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရန် သေချာစေပါသည်။

## (ခ) ဆောင်ရွက်မည့်နည်းလမ်း (Process Tools)

ကျေးရွာအဆင့်တွင် အများပူးပေါင်းပါဝင်၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့်နည်းစနစ်များကို အသုံးပြုပါမည်။ ကျေးရွာလူထု အစည်းအဝေးကျင်းပခြင်းဖြင့် ကျေးရွာလူထုအားကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ရည်ရွယ်ချက်၊ အခြေခံသဘောတရားများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များဆိုင်ရာသတင်းများကိုပေးပါသည်။ ထို့နောက် PRA နည်းစနစ်များကို အသုံးပြု ပြီး ကျေးရွာဖွံ့ဖြိုးရေးအခြေအနေဆန်းစစ်ခြင်းပြုလုပ်ပါမည်။ ဆန်းစစ်တွေ့ရှိချက်များကိုစုစည်း၍ လူထုအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ကြပါမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုလည်း ကျေးရွာလူထု အများစုဆန္ဒဖြင့်ဖွဲ့စည်းပါမည်။ သင့်တော်သော၊ သေချာသော၊ စုပေါင်းတိုင်ပင်မှုမျိုးဖြင့် ကျေးရွာကိုယ်စားလှယ်များကိုရွေးချယ်ရန် အရေးကြီးပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီတွင် အသင့်တော်ဆုံးသောကိုယ်စားလှယ်များအဖြစ် အမျိုးသမီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ စီးပွားရေးလုပ်ငန်း အခြေခံအဖွဲ့၊ လူမှုရေးအဖွဲ့စသည်တို့မှ ပါဝင်ရန် အရေးကြီးပါသည်။

ကျေးရွာအသီးသီး၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့မှရွေးချယ်လိုက်သောကိုယ်စားလှယ်များသည် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးကော်မတီတွင်ပါဝင်ကြပါမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် လုပ်ငန်းဆောင်ရွက်မည့်အဆင့်(၂)ဆင့်ရှိပါသည်။ ၎င်းအဆင့်များမှာ ကျေးရွာအဆင့်နှင့် မြို့နယ်အဆင့်တို့ဖြစ်ပါသည်။ ကျေးရွာအဆင့်တွင် ကျေးရွာလူထု၏ ရည်မှန်းချက် ရရှိရေး အကောင်အထည်ဖော်ရန်နှင့် ကျေးရွာသူ/သားများစုပေါင်းဆုံးဖြတ်လိုက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်/အစီအစဉ်သည် ကျေးရွာအဆင့်၌ပေါ်ထွက်ရမည့်ရလဒ်ဖြစ်သည်။

မြို့နယ်အဆင့်တွင် ကျေးရွာအသီးသီး၏ဖွံ့ဖြိုးရေးအစီအစဉ်များကိုစုစည်း၍ မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ပေါင်းစပ်ရေးဆွဲပါမည်။ ဤမြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းကို သက်ဆိုင်ရာသတင်းအချက်အလက်များနှင့် သက်ဆိုင်ရာဦးစီးဌာနများ၏ နည်းပညာအကူအညီများဖြင့်ဆောင်ရွက်ပါမည်။ မြို့နယ်အဆင့်တွင် ဦးစီးဌာနအသီးသီးပါဝင်သော ကဏ္ဍစုံဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအဖွဲ့ကိုဖွဲ့စည်းပါမည်။

၎င်းအဖွဲ့အစည်းဖွဲ့စည်းရေးလုပ်ငန်းစဉ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကူညီဆောင်ရွက်ပါမည်။

အထက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ပါလိမ့်မည်။ ထိုပြင်ဆင်ချက်များကို အကြောင်းပြချက်ခိုင်လုံစွာဖြင့် ကျေးရွာလူထုသို့ပြန်လည်အကြောင်းကြားမည်ဖြစ်ပါသည်။ အခြားအစားထိုးစီမံချက်အနေဖြင့် အကြံပြုချက်များလည်းပေးမည်ဖြစ်ပါသည်။ တစ်ဆက်တည်းတွင် ကျေးရွာလူထုထံမှ သဘောတူညီချက်များလည်းရယူပါလိမ့်မည်။

## (ဂ) ချဉ်းကပ်ဆောင်ရွက်ပုံ

မြန်မာနိုင်ငံရှိကျေးရွာပေါင်း (၆၃၈၉၉) ရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိပါသည်။ ၎င်းကိစ္စမှာ အလွန်ကြီးမားသော ရင်ဆိုင်ကျော်လွှားရမည့်ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ကုန်ကျစရိတ်သက်သာရမည်။ အချိန်ကိုထိရောက်စွာအသုံးပြုနိုင်ရမည်။ ထို့အပြင် သက်ဆိုင်သူများ၏ စွမ်းဆောင်ရည်ကိုလည်း အချိန်နှင့်တပြေးညီ တဖြည်းဖြည်းတည်ဆောက်သွားရန် အရေးကြီးပါသည်။ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အသေးစိတ်ကို ဤလမ်းညွှန်လက်စွဲ၏အခန်း(၆)၊ ခေါင်းစဉ်(၁၂)တွင်ဖော်ပြထားပါသည်။

(အကောင်အထည်ဖော်ရေးနည်းလမ်းနှင့်အစီအစဉ်)

ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွက် နိုင်ငံတော်၏အစီအစဉ်ကို အောက်ပါအတိုင်း အဆင့်(၂)ဆင့်ခွဲ၍သတ်မှတ်ရန် ဆောင်ရွက်ထားပါသည်။

❖ **အဆင့်(၁)**- အဆင့်(၁)သည်ပြင်ဆင်ခြင်းအဆင့်ဖြစ်ပြီး အများပူးပေါင်းပါဝင်သော ကျေးရွာစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းအတွက် အမျိုးသားအဆင့် ချဉ်းကပ်မှုပုံစံ ဖော်ထုတ်ခြင်း၊ စမ်းသပ်ဆောင်ရွက်ခြင်းနှင့် အမျိုးသားအဆင့် ချဉ်းကပ်မှုပုံစံ အတည်ပြုခြင်းတို့အား ဦးတည်ပါသည်။ ပြင်ဆင်သောအဆင့် (အဆင့်-၁) တွင် ကျေးရွာပေါင်း (၆၃၈၉၉)ရှာ အားလုံးအားလွှမ်းခြုံပြီးစီးစေမည့် ကျေးရွာ လုပ်ငန်းစီမံချက်ရေးဆွဲရေးလုပ်ငန်းစီမံချက် ရေးဆွဲပါမည်။ ယင်းစီမံချက်တွင် ဘတ်ဂျက်နှင့်အချိန်ဇယားအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်အသေးစိတ်အား ရှင်းလင်းစွာ ဖော်ပြထားမည်။ ပြင်ဆင်သောအဆင့်တွင် မြို့နယ်ရေးဆွဲခြင်းလုပ်ငန်းစဉ်အတွက် နည်းလမ်း၊ ချဉ်းကပ်ဆောင်ရွက်ပုံ၊ အသုံးပြုမည့် နည်းစနစ်များ ပါဝင်သည့်ဗျူဟာများ ရေးဆွဲဖော်ထုတ်ကြပေမည်။ ကနဦးမြို့နယ် (၇) မြို့နယ်တွင်ဆောင်ရွက်မည့် မြို့နယ်စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းအတွက် (အဆင့်-၂) ဘတ်ဂျက်နှင့် လုပ်ငန်းအစီအစဉ် အတိအကျအား ဖော်ထုတ်ထား ရှိရမည်ဖြစ်သည်။ ပြင်ဆင်မှုအဆင့်အား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ အတွင်း အပြီးအစီး ဆောင်ရွက်ရမည်ဖြစ်သည်။ ပြင်ဆင်ခြင်းအဆင့်အတွက် လိုအပ်သောအရင်းအမြစ်များပြင်ဆင်သည့် တစ်လ အပါအဝင် ဖြစ်သည်။

❖ **အဆင့်(၂)** - အဆင့် (၂) သည် မြန်မာ့ကျေးလက်ဒေသရှိကျေးရွာများအားလုံးတွင် ကျေးရွာစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းများအားလုံး ပြီးစီးစေရန် ၂၀၁၅ ခုနှစ် ဇူလိုင်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း အရှိန်မြှင့်ဆောင်ရွက်ရန်ဖြစ်သည်။ အဆိုပါလုပ်ငန်းအား လ ၃၀ ကာလဖြစ်သော ၂၀၁၅ ခုနှစ် ဇူလိုင်မှ ၂၀၁၇ ဒီဇင်ဘာလအတွင်း ဘတ်ဂျက်နှင့် နည်းပညာအရင်းအမြစ်များဖြင့် ၂၀၁၈ တစ်လျှောက် ဆက်လက်ဆောင်ရွက်သွားမည်။ အစဦးပိုင်းဖြစ်သော ၂၀၁၅ ခု ဇူလိုင်မှ ဒီဇင်ဘာလအကြား မြို့နယ် (၇) ခု၏ နမူနာအစီအစဉ်များ အားပြုစုဖော်ပြ၍ ကျေးရွာစီမံချက်လုပ်ငန်းရေးဆွဲခြင်းများကို ယင်းမြို့နယ်များမှ ကျေးရွာများအားလုံးတွင် လွှမ်းခြုံပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းအကောင်အထည်ဖော်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)တွင် ကျေးလက်ဦးစီးဝန်ထမ်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံရှိသည့် အကြံပေးပုဂ္ဂိုလ်များပါဝင်သော ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး၊ နည်းပညာအကူအညီပေးရေးအဖွဲ့ရှိပါမည်။ နည်းပညာအကူအညီပေးရေးအဖွဲ့သည် မြို့နယ်အဆင့်ကဏ္ဍစုံအစီအစဉ်ရေးဆွဲရေးအဖွဲ့အားကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးဆိုင်ရာ နည်းပညာအကူအညီများ ပေးပါမည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးစီး ဌာနအသီးသီးအကြား ပေါင်းစပ်ညှိနှိုင်းမှုတာဝန်ကိုယူပါမည်။ ကျေးလက်ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရန်အတွက် မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအဖွဲ့ အားစွမ်းရည်မြှင့်တင်ရေး အကူအညီများပေးပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်း၏ အောင်မြင်မှုသည် မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအဖွဲ့ (TPT) ၏ လုပ်ငန်းစွမ်းဆောင်ရည်ပေါ်တွင် လုံးလုံးလျားလျား မူတည်နေပါသည်။ မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအဖွဲ့တွင်ကျေးလက်လူထုထံသို့ အရောက် သွားရောက်၍ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးစွမ်းရည် ပြည့်ဝနေရန် အရေးကြီးပါသည်။ မြို့နယ်အရွယ်အစား အကြီးအသေးကိုလိုက်၍ တစ်မြို့နယ်လျှင် TPT (၂)ဖွဲ့မှ (၅)ဖွဲ့အထိ ဖွဲ့စည်းရန် ဖြစ်ပါသည်။ TPT တစ်ဖွဲ့စီ တွင်အနည်းဆုံး ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသူ (Development Planner) (၁)ဦးနှင့် PRA Facilitator (၂)ဦးစီ ပါဝင်ဖွဲ့စည်းပါမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၎င်း၏မြို့နယ်ရှိ TPT များ၏ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး စွမ်းရည်မြှင့်တင်ရေးပြုလုပ်ပါမည်။ ထိုသို့စွမ်းရည်မြှင့်တင်ရာတွင် ဤလမ်းညွှန်ကိုအသုံးပြုပါမည်။ ထို့အပြင် ကျေးရွာများတွင် လက်တွေ့သင်တန်းပို့ချပါမည်။ ထိုသင်တန်းတွင် PRA လေ့ကျင့်ခန်းကျင်းပခြင်း၊ ကိန်းဂဏန်း သတင်းအချက်အလက်များ ကောက်ယူခြင်း၊ သတင်းအချက်အလက်များကို သတ်မှတ်ဇယားများတွင် စနစ်တကျမှတ်တမ်းတင်ခြင်းနှင့် စီစစ်သုံးသပ်ခြင်း စသည်တို့ပါဝင်ပါမည်။

